## KPSN နှင့် KWO တို့၏ ၂၀၂၆ ခုနှစ် ကမ္ဘာ့ဒုက္ခသည်များနေ့ သတင်းထုတ်ပြန်ကြေညာချက်
## ဆောင်ပုဒ် - "လူတိုင်း ဘေးကင်းလုံခြုံမှုမရှိမချင်း"

၂၀၂၆ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့

၂၀၂၆ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့တွင် ကျရောက်သော ကမ္ဘာ့ဒုက္ခသည်များနေ့ အခါသမယတွင် ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ရက် (KPSN) နှင့် ကရင်အမျိုးသမီးအစည်းအရုံး (KWO) တို့အနေဖြင့် ထိုင်းဘုရင့်အစိုးရ၏ ဒုက္ခသည်များအပေါ် ကူညီထောက်ပံ့ပေးမှုနှင့် စေတနာထားမှု တို့အတွက် လှိုက်လှဲစွာ ကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။ အထူးသဖြင့် ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော ဒုက္ခသည်များအား စခန်းပြင်ပသို့ ထွက်၍အလုပ်အကိုင် ရှာဖွေခွင့်ပြုသည့် မူဝါဒကို ကြိုဆိုသည်။ ထို့ပြင် ၂၀၂၆ ခုနှစ်၊မေလ တွင် ကြေညာခဲ့သော ဒုက္ခသည်များအား ထိုင်းနိုင်ငံသားမဟုတ်သူများအတွက် မှတ်ပုံတင်ကတ်ပြား များ (Non-Thai Identification Cards) ထုတ်ပေးမည့် အစီအစဉ်ကိုလည်း ကြိုဆိုပါသည်။

ဤအစီအမံများသည် ဒုက္ခသည်များ၏ ဘဝတိုးတက်စေရန်၊ ပိုမိုလွတ်လပ်စွာ ရပ်တည်နိုင်ရန် နှင့် လူ့အဖွဲ့အစည်းအတွက် အကျိုးပြုနိုင်ရန် အရေးကြီးသော အခွင့်အလမ်းများ ဖြစ်ပါသည်။ ဒုက္ခသည်များအတွက် အခွင့်အလမ်းများနှင့် ဂုဏ်သိက္ခာကို မြှင့်တင်ပေးနိုင်ရန် သိသာထင်ရှားသော ခြေလှမ်းများဖြင့် ဆောင်ရွက်နေသည့် ထိုင်းဘုရင်အစိုးရကို ချီးကျူးဂုဏ်ပြုအပ်ပါသည်။

သို့သော်လည်း ဤအခွင့်အလမ်းများသည် စိန်ခေါ်မှုအသစ်များကိုလည်း ယူဆောင်လာပါသည်။ စခန်းများအတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ဆက်လက်ကျဆင်း

နေသဖြင့် ဒုက္ခသည်အများအပြားမှာ ထိခိုက်လွယ်သော အခြေအနေများတွင် ရှိနေဆဲဖြစ်သည်။ ဒုက္ခသည် စခန်းပြင်ပတွင် အလုပ်လုပ်ကိုင်နေကြသော ဒုက္ခသည်များသည်လည်း အခက်အခဲများနှင့် အန္တရာယ်အမျိုးမျိုးကို ရင်ဆိုင်နေကြရသည်။ ထို့ကြောင့် ယခုကမ္ဘာ့ဒုက္ခသည်များနေ့တွင် ထိုင်းဘုရင်အစိုးရ၊ UNHCR၊ အလှူရှင်အဖွဲ့အစည်းများ၊ NGO များနှင့် အခြားသော ပတ်သက်ဆက်နွှယ်သူများအနေဖြင့် အောက်ပါစိုးရိမ်ပူပန်မှုများကို ထည့်သွင်းစဉ်းစားပေးပါရန် ရှိသေလေးစားစွာ တိုက်တွန်းအပ်ပါသည်။

## ၁။ ၂၀၀၅ ခုနှစ်၊ ဇူလိုင်လ ၅ ရက်နေ့ အစိုးရအဖွဲ့ ဆုံးဖြတ်ချက်နှင့် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့ထုတ်ပြန်သည့် ပညာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များပြန်လည်သုံးသပ်ပေးရန်

ဒုက္ခသည်ကျောင်းသား အများအပြားသည် ၎င်းတို့၏ ယာယီခိုလှုံရာစခန်းများနှင့် နီးစပ်ရာ ထိုင်းကျောင်းများတွင် တက်ရောက်နေခဲ့သည်မှာ ကြာမြင့်ပြီဖြစ်သည်။ ၂၀၀၅ ခုနှစ်၊ ဇူလိုင်လ ၅ ရက်နေ့ အစိုးရအဖွဲ့ဆုံးဖြတ်ချက်အပေါ် ပညာရေးရာဝန်ကြီးဌာန၏ နောက်ဆုံးအသိပေးချက်တွင် အဓိပ္ပာယ် ဖွင့်ဆိုချက်ကြောင့် ကျောင်းများက ကျောင်းသားသစ်များအား ကျောင်းအပ်လက်ခံရန် ငြင်းဆိုမှုများ ဖြစ်ပေါ်စေခဲ့ပြီး အချို့သော အခြေအနေများတွင် လက်ရှိကျောင်းသားများကိုပါ လက်ခံရန် ငြင်းဆိုခဲ့ ကြပါသည်။ ရလဒ်အနေဖြင့် ကလေးငယ်များနှင့် လူငယ်များစွာသည် ၎င်းတို့၏ ပညာရေးကို ဆက်လက်သင်ယူနိုင်ခြင်းမရှိသောကြောင့် သင်ရိုးညွှန်းတမ်းကိုလည်း တစ်ဝက်တစ်ပျက်ဖြင့် ပြောင်းလဲ ၍မရနိုင်ဖြစ်နေပါသည်။

တစ်ချိန်တည်းမှာပင် အလုပ်သမားဈေးကွက်သို့ ဝင်ရောက်ကာ ထိုင်းလူ့အဖွဲ့အစည်းနှင့် ပေါင်းစည်းတော့မည့်မျိုးဆက်သစ်ဒုက္ခသည်များအတွက်ထိုင်းဘာသာစကားဖြင့် ပညာသင်ကြားခြင်းနှင့် ထိုင်းလူ့အဖွဲ့အစည်းကို နားလည် သဘောပေါက်ခြင်းတို့မှာ အလွန် အရေးကြီးပါသည်။ ထို့ကြောင့် ထိုင်းဘုရင်အစိုးရအနေဖြင့် ဤမူဝါဒကို ပြန်လည်သုံးသပ်ပေးရန်နှင့် ဒုက္ခသည်များ ယခင်ကဲ့သို့ ထိုင်းကျောင်းများတွင် ပညာသင်ကြားခွင့်ကို ပြန်လည်ရရှိစေရန် ကျွန်ုပ်တို့ လေးစားစွာ တိုက်တွန်းအပ်ပါသည်။

## ၂။ အထိခိုက်လွယ်ဆုံးသူများကို ဆက်လက်ကူညီထောက်ပံ့ပေးရန်

မည်သည့်လူ့အဖွဲ့အစည်းတွင်မဆို အလွန်အမင်း ထိခိုက်လွယ်ပြီး စဉ်ဆက်မပြတ် အကူအညီများ လိုအပ်နေဆဲဖြစ်သော လူအုပ်စုများရှိပါသည်။ ၎င်းတို့တွင်သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ ပြင်းထန်စွာ ဖျားနာနေသူများနှင့် စိတ်ကျန်းမာရေးဝေဒနာရှင်များ၊ ကလေးငယ်များ၊ ကိုယ်ဝန်ဆောင် မိခင်များနှင့် မွေးကင်းစကလေးမိခင်များ ပါဝင်ပါသည်။

အလုပ်လုပ်ကိုင်ခွင့် အခွင့်အလမ်းများသည် ဒုက္ခသည်များစွာအတွက် အကျိုးရှိစေနိုင်သော်လည်း ဤထိခိုက်လွယ်သောအုပ်စုများသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများအပေါ် ဆက်လက်မှီခိုနေရဆဲဖြစ်သည်။ သို့ဖြစ်ပါ၍ အလှူရှင်များနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အေဂျင်စီများအနေဖြင့် မိမိကိုယ်ကို မထောက်ပံ့နိုင်သူများအတွက် အစားအစာ၊ ကျန်းမာရေး စောင့်ရှောက်မှုနှင့် လူမှုဝန်ဆောင်မှုများ အပါအဝင် မရှိမဖြစ်လိုအပ်သော အကူအညီများကို ဆက်လက် ပေးအပ်ရန် ကျွန်ုပ်တို့ မေတ္တာရပ်ခံအပ်ပါသည်။

## ၃။ ဒုက္ခသည်စခန်းပြင်ပသို့ မထွက်ခွာနိုင်သူများအတွက် အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများ ဖန်တီးပေးရန်

ယခုအခါ ဒုက္ခသည်များကို စခန်းပြင်ပတွင် အလုပ်ရှာဖွေခွင့် ပြုထားသော်လည်း အချို့သောအုပ်စုများမှာ ထွက်ခွာနိုင်ခြင်း မရှိကြသေးပါ။ ၎င်းတို့တွင် ကျောင်းဆရာ/ဆရာမများ၊ ကျန်းမာရေးလုပ်သားများ၊ ရပ်ရွာခေါင်းဆောင်များနှင့် စခန်းအတွင်းရှိ ရပ်ရွာဝန်ဆောင်မှုများကို ထိန်းသိမ်းရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေသည့် အခြားပုဂ္ဂိုလ်များ ပါဝင်ပါသည်။

ထို့အပြင် ကလေးငယ်များရှိသော မိခင်များစွာသည် စခန်းပြင်ပတွင် အလုပ်လုပ်ရန် ကြီးမားသော အတားအဆီးများနှင့် ရင်ဆိုင်နေကြရသည်။ အခြားတစ်နေရာတွင် အလုပ်ရှာဖွေရန် မိခင်များက ကလေးများကို မဖြစ်မနေ ထားခဲ့ရမည်ဆိုပါက ၎င်းသည် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ဆိုင်ရာ ဆိုးရွားသော အန္တရာယ်များကို ဖန်တီးနိုင်ပြီး မိသားစု

သာယာဝပြောရေးကိုလည်း ဆိုးရွားစွာ ထိခိုက်စေနိုင်မည်ကို ကျွန်ုပ်တို့ စိုးရိမ်မိပါသည်။ ထို့ကြောင့် ထိုင်းဘုရင်အစိုးရ၊ အလှူရှင်များနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများ အနေဖြင့် အမျိုးသမီးများနှင့် အခြားသော စခန်းနေထိုင်သူများအတွက် ရေရှည်တည်တံ့သော ဝင်ငွေ ရရှိစေရန် နေအိမ် သို့မဟုတ် စခန်းအတွင်းမှနေ၍ အလုပ်လုပ်ကိုင်နိုင်မည့် အစီအစဉ်များ ဖော်ဆောင် ပေးရန် ကျွန်ုပ်တို့ တိုက်တွန်းအပ်ပါသည်။ ယင်းကဲ့သို့သော အခွင့် အလမ်းများသည် မိသားစုများ အတူတကွ နေထိုင်နိုင်ရေးအတွက် အထောက်အကူဖြစ်စေပြီး ၎င်းတို့၏ စီးပွားရေးလုံခြုံမှုကိုလည်း ခိုင်မာစေမည်ဖြစ်သည်။

## ၄။ ဒုက္ခသည်စခန်းပြင်ပတွင် အလုပ်လုပ်ကိုင်နေသော ဒုက္ခသည်များ အကာအကွယ်ပေးမှု ခိုင်မာအားကောင်းစေရန်

တချို့သော ဒုက္ခသည်မိသားစုများသည် စခန်းပြင်ပတွင် သင့်လျော်ကောင်းမွန်သော အလုပ်အကိုင် အခွင့်အလမ်းများကို အောင်မြင်စွာ ရရှိထားသော်လည်း အခြားသူများမှာ (အထူးသဖြင့် စိုက်ပျိုးရေး ကဏ္ဍများနှင့် လုပ်အားခနည်းပါးသော လုပ်ငန်းများတွင် လုပ်ကိုင်နေသူများ) စိန်ခေါ်မှုများနှင့် ဆက်လက်ရင်ဆိုင်နေရဆဲဖြစ်သည်။

လုပ်ငန်းခွင်အတွင်းရှိ ဒုက္ခသည်များအပေါ် ခေါင်းပုံဖြတ်မှု၊ ခွဲခြားဆက်ဆံမှု၊ မတရားပြုမူမှုနှင့် အလုပ်သမားအခွင့်အရေး ချိုးဖောက်မှုများ ရှိနေကြောင်း သတင်းရရှိပါသည်။ ဤစိုးရိမ်ပူပန်မှုများကို ဖြေရှင်းနိုင်ရန်အတွက် အလုပ်သမားဝန်ကြီးဌာနအပါအဝင် သက်ဆိုင်ရာ အစိုးရအေဂျင်စီများ၊ ထိုင်းအရပ်ဘက်အဖွဲ့အစည်းများ၊ ဒုက္ခသည်ကိုယ်စားလှယ်များ၊ UNHCR နှင့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ မိတ်ဖက်များပါဝင်သည့် ထိရောက်သော စောင့်ကြည့်လေ့လာရေး နှင့် အကာအကွယ်ပေးရေး ယန္တရားတစ်ရပ် လိုအပ်နေပါသည်။

ထိုကဲ့သို့သော ယန္တရားတွင် ဒုက္ခသည်များအနေဖြင့် အခွင့်အရေးချိုးဖောက်ခံရချိန်တွင် ကျူးလွန်မှု များကို ဘေးကင်းလုံခြုံစွာ တိုင်ကြားနိုင်ရန်၊ အကူအညီတောင်းခံနိုင်ရန်နှင့် အကာအကွယ် ရယူနိုင်ရန် အတွက် အလွယ်တကူ လက်လှမ်းမီနိုင်သော တိုင်ကြားချက်၊

နစ်နာချက်နှင့် လွှဲပြောင်းပေးမှု ယန္တယားစနစ်များ ပါဝင်သင့်သည်။ လက်ရှိအချိန်တွင် ဤယန္တယားစနစ်များ လုံလောက်မှု မရှိသေး သောကြောင့် ဒုက္ခသည်များစွာကို ခေါင်းပုံဖြတ်ခံရနိုင်သည့် အခြေအနေသို့ ကျရောက်စေနိုင်သည်။

**၅။ ဒုက္ခသည် စခန်းများနှင့် နီးစပ်ရာ ဒေသတွင်း အလုပ်အကိုင် အခွင့်အလမ်းများ တိုးချဲ့ဆောင်ရွက်ပေးရန်**

ဒုက္ခသည်အများအပြားသည် ဝေးရာသို့ သွားရောက်လုပ်ကိုင်ခြင်း သို့မဟုတ် ကုမ္ပဏီများ၏ လုပ်ငန်း ခေါ်ယူမှုအပေါ်တွင်သာ လုံးဝမှီခိုနေရခြင်းထက် ၎င်းတို့၏ စခန်းများနှင့် နီးစပ်ရာဒေသများတွင် အလုပ် လုပ်ကိုင်လိုကြောင်း ဆန္ဒရှိကြသည်။

ထိုင်းနိုင်ငံသားမဟုတ်သူများအတွက် နေထိုင်ခွင့် မှတ်ပုံတင်အထောက်အထားများ မိတ်ဆက်ပေးခြင်း နှင့်အတူ ဒုက္ခသည်များအနေဖြင့် အနီးအနားရှိ ရပ်ရွာလူထုနှင့် ဒေသတွင်းစီးပွားရေးလုပ်ငန်းများတွင် အလုပ်အကိုင်ရှာဖွေရန် ပိုမိုလွတ်လပ်မှုနှင့် ထိရောက်မှုများ ရရှိလာမည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ထိုမှသာ မိသားစုများ၊ ရပ်ရွာများနှင့် နီးကပ်သော အချိတ်အဆက်များအား ထိန်းသိမ်းထားနိုင်ပြီး မိမိကိုယ်ကို ထောက်ပံ့နိုင်ရန် အခွင့်အရေးရစေမည်ဖြစ်သည်။

**နိဂုံးချုပ်**

ဒုက္ခသည်များသည် မိမိတို့ခြေထောက်ပေါ် မိမိတို့ရပ်တည်ရန်၊ မိသားစုများကို ထောက်ပံ့ရန်နှင့် ဂုဏ်သိက္ခာရှိစွာဖြင့် လွတ်လပ်စွာ နေထိုင်နိုင်ရန် အခွင့်အလမ်းများကို လိုလားကြသည်။ ထိုင်းဘုရင် အစိုးရသည် အဆိုပါ အခွင့်အလမ်းများ ဖြစ်မြောက်စေရန် အရေးကြီးပြီး ချီးကျူးထိုက်သော ခြေလှမ်း များဖြင့် ဆောင်ရွက်နေသည်ကို တွေ့ရှိရသည်။

ထို့အတူ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ဆက်လက်လိုအပ်နေသည့် ထိခိုက်လွယ်သော လူဦးရေများ ကျန်ရှိနေသေးပြီး အမျိုးသမီးများနှင့် ပြုစုစောင့်ရှောက်သူ

အများအပြားမှာလည်း စခန်းများအတွင်း မိသားစုများနှင့်အတူ နေထိုင်ရင်း ဝင်ငွေရှာဖွေနိုင်မည့် အခွင့်အလမ်းများလည်း လိုအပ်နေပါသည်။ ယခု ကမ္ဘာ့ဒုက္ခသည်များနေ့တွင် ကျွန်ုပ်တို့သည် ဤစိုးရိမ်ပူပန်မှုများကို တင်ပြအပ်ပြီး ထိုင်းဘုရင်အစိုးရ၊ UNHCR၊ အလှူရှင်အဖွဲ့အစည်းများ၊ NGO များနှင့် ဒေသတွင်း အရပ်ဘက်အဖွဲ့အစည်းများအနေဖြင့် ဤစိန်ခေါ်မှုများကို ဖြေရှင်းရန် နှင့် ဒုက္ခသည်များ လိုအပ်သော အကူအညီများပေးရန် အတူတကွ ပူးပေါင်းလုပ်ဆောင်ကြပါရန် တောင်းဆိုအပ်ပါသည်။

ယခုနှစ် ကမ္ဘာ့ဒုက္ခသည်များနေ့ ဆောင်ပုဒ်ဖြစ်သော "**လူတိုင်း ဘေးကင်းလုံခြုံမှုမရှိမချင်း**" ဆိုသည့်စကားရပ်က အခွင့်အလမ်းများ ဖန်တီးပေးရုံဖြင့် ကျွန်ုပ်တို့၏ စုပေါင်းတာဝန်ယူမှု ပြီးဆုံးမသွားကြောင်း သတိပေးနေပါသည်။ ကျွန်ုပ်တို့သည် ဒုက္ခသည်အားလုံး ဘေးကင်းလုံခြုံမှု၊ ဂုဏ်သိက္ခာရှိမှုနှင့် အနာဂတ်အတွက် မျှော်လင့်ချက်များဖြင့် နေထိုင်နိုင်စေရန် ဆက်လက် ပူးပေါင်း လုပ်ဆောင်ရမည်ဖြစ်သည်။

****လူတိုင်း ဘေးကင်းလုံခြုံမှု မရှိမချင်း** ကျွန်ုပ်တို့ လုပ်ငန်းတာဝန် ပြီးဆုံးမည်မဟုတ်ပါ**